# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၂၂)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက် )

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ တင်သွင်းဖွင့်လှစ်သော အထူးအယူခံမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၇၃ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၁။ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **"အထူးအယူခံခုံရုံး"** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ထားသော မည်သည့်အမှုကိုမဆို ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြန်လည်စစ်ဆေးစီရင်ရန် ဖွဲ့စည်းသည့် ပြည်ထောင်စုတရားသူကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ အဖွဲ့ဝင်အဖြစ် ပါဝင်သော ခုံရုံးကို ဆိုသည်။"

၂။ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ပြည်ထောင်စုတရားသူကြီးချုပ်သည် အထူးအယူခံမှုများ ကြားနာစီရင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်က ခုံရုံးသဘာပတိအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ ဖြစ်စေ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အထူးအယူခံခုံရုံးကို ဖွဲ့စည်းပေးရမည်။ လိုအပ်လျှင် အထူးအယူခံခုံရုံးကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၈၃ / ပတ၁ (၆၆၂/၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးလက်ခံ/မျှော